၈၂၂
ကအမှတ် ---------
၁၀.၁-၁၉
ရက်စွဲ ---------
အချိန် ---------

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စက်မှုဝန်ကြီးဌာန
## ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှတားဆီးကာကွယ်ရေး ဗဟိုဦးစီးအဖွဲ့

အမိန့်ကြော်ငြာစာအမှတ် ၁ / ၂၀၁၉

၁၃၈၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၂ ရက်

( ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက် )

ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှတားဆီးကာကွယ်ရေး ဗဟိုဦးစီးအဖွဲ့သည် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှတားဆီးကာကွယ်ရေး ဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်နှင့် အဆိုပါ ဥပဒေ ပုဒ်မ ၄၇၊ ပုဒ်မခွဲ(ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အောက်ပါ မူဝါဒကို ထုတ်ပြန်လိုက်သည်။

"ရွှေသတ္တုထုတ်လုပ်သန့်စင်ရာတွင် အသုံးပြုသည့် ဆိုဒီယမ်ဆိုင်ယာနိုဒ်နှင့် ပြဒါး ဓာတုပစ္စည်းများ ပြည်ပမှ ဝယ်ယူတင်သွင်းခွင့်ဆိုင်ရာ မူဝါဒ"

၁။ ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှတားဆီးကာကွယ်ရေး ဗဟိုဦးစီးအဖွဲ့သည် ခွင့်ပြုမိန့်ဖြင့် ရွှေသတ္တုထုတ်လုပ် သန့်စင်ခြင်းလုပ်ငန်းဆောင်ရွက်နေသော လုပ်ကွက်များတွင် အသုံးပြုမည့် ဆိုဒီယမ်ဆိုင်ယာနိုဒ်နှင့် ပြဒါး ဓာတုပစ္စည်းများအား ဘေးအန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်ရေးအတွက် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေး ဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ(က)အရ အောက်ဖော်ပြပါ မူဝါဒများအား ရွှေသတ္တုထုတ်လုပ်သန့်စင်ခြင်း လုပ်ငန်းဆောင်ရွက်နေသည့် လုပ်ငန်းရှင်များနှင့် တင်သွင်းရောင်းချဖြန့်ဖြူးသူများ လိုက်နာရန်ချမှတ် အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ပါသည်-

(က) ရွှေသတ္တုသယံဇာတ အရင်းအမြစ်များကို ဆိုဒီယမ်ဆိုင်ယာနိုဒ်နှင့် ပြဒါးဓာတုပစ္စည်းများ အသုံးပြု၍ သဘာဝပတ်ဝန်းကျင်၊ လူနှင့် သက်ရှိသတ္တဝါတို့ အပေါ် ကာလတို၊ ကာလရှည် ဆိုးကျိုးသက်ရောက်မှု မဖြစ်စေဘဲ အကျိုးရှိစွာ ထုတ်လုပ်အသုံးချခြင်းဖြင့် နိုင်ငံတော်၏ စီးပွားရေးကဏ္ဍ ပိုမိုတိုးတက် မြင့်မားလာစေရန်၊

(ခ) ဆိုဒီယမ်ဆိုင်ယာနိုဒ်နှင့် ပြဒါးဓာတုပစ္စည်းများအား ပြည်တွင်းသို့တင်သွင်းခြင်းအပြင် ယင်းနှင့်ဆက်စပ်လျက်ရှိသည့် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းများဖြစ်သည့် သိုလှောင်ခြင်း၊ နည်းပညာအရပြုပြင်ခြင်း၊ စီးပွားရေးအလို့ငှာ ထုတ်လုပ်ခြင်း၊ သုံးစွဲခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ ဖြန့်ဖြူးခြင်း၊ ဝယ်ယူခြင်း၊ ရောင်းချခြင်းနှင့် စွန့်ပစ်ခြင်း ပြုသည့်လုပ်ငန်းများဆောင်ရွက်ရာတွင် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာလုပ်ငန်းလိုင်စင်ပါ စည်းကမ်းချက်များနှင့်အညီ အန္တရာယ်ကင်းရှင်းစေရေးအတွက် စနစ်တကျ လုပ်ကိုင်ဆောင်ရွက်စေရန်၊

(ဂ) တရားဝင်ခွင့်ပြုချက်ဖြင့် တင်သွင်းလာသော ဆိုဒီယမ်ဆိုင်ယာနိုဒ်နှင့် ပြဒါးဓာတုပစ္စည်းများကို စနစ်တကျ သုံးစွဲစေရေးအတွက် ပညာပေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန်နှင့် သတင်းအချက်အလက်များ ရယူ၍ ကိုင်တွယ်အသုံးပြုသူများကို အသိပေးသည့်စနစ် ကျင့်သုံးစေရန်၊

(ဃ) တင်သွင်းလာသည့် ဆိုဒီယမ်ဆိုင်ယာနိုဒ်(Sodium Cyanide)နှင့် ပြဒါး (Mercury) ဓာတုပစ္စည်းများကို သယ်ယူပို့ဆောင်ခြင်းအပါအဝင် ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းများဆောင်ရွက်ရာတွင် ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေး လုပ်ငန်းများဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ အမိန့်၊ ညွှန်ကြားချက်များ၊ ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများ အန္တရာယ်မှတားဆီးကာကွယ်ရေး ဥပဒေ၊ နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်၊ ညွှန်ကြားချက်များ၊ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များ၊ သက်ဆိုင်ရာ လိုင်စင်နှင့် မှတ်ပုံတင်လက်မှတ်ပါ စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်စေရန်၊

(င) ဆိုဒီယမ်ဆိုင်ယာနိုဒ်(Sodium Cyanide)နှင့် ပြဒါး(Mercury)ဓာတုပစ္စည်းများကို နယ်စပ်ကုန်သွယ်မှုစခန်းများနှင့် ဆိပ်ကမ်းများမှတစ်ဆင့် တင်သွင်း သယ်ယူပို့ဆောင်မည်ဆိုပါက အဆိုပါစခန်းများ၏ စည်းမျဉ်း၊ စည်းကမ်း သတ်မှတ်ချက်များနှင့်အညီ သိုလှောင်မည့်နေရာနှင့် လုပ်ငန်းခွင်သို့ အန္တရာယ်ကင်းရှင်းစွာ သယ်ယူပို့ဆောင်စေရန်၊

(စ) တင်သွင်းလာသည့် ဆိုဒီယမ်ဆိုင်ယာနိုဒ်(Sodium Cyanide)နှင့် ပြဒါး (Mercury) ဓာတုပစ္စည်းများကို အသုံးပြုရန်နှင့် ရောင်းချရန်တို့အတွက် လက်ခံ သိုလှောင်မည့်သူသည် ယင်းဓာတုပစ္စည်းများ လက်ခံရရှိသည့်အခါ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးအဖွဲ့သို့ သတင်းပို့စေရန်၊

(ဆ) ဆိုဒီယမ်ဆိုင်ယာနိုဒ်(Sodium Cyanide)နှင့် ပြဒါး(Mercury)ဓာတုပစ္စည်းများကို ပြည်ပမှ ဝယ်ယူလျှင်သော်လည်းကောင်း၊ ဝယ်ယူသိုလှောင်ပြီး ပြန်လည်

ဖြန့်ဖြူးရောင်းချလျှင်သော်လည်းကောင်း ကုမ္ပဏီ/လုပ်ငန်းများ အနေဖြင့် မိမိတို့ ဖြန့်ဖြူးရောင်းချသူများ၏ အမည်၊ နေရပ်၊ ရောင်းချခဲ့သည့် ပမာဏ၊ သုံးစွဲမည့်ဒေသ၊ သုံးစွဲမည့်အကြောင်းအရာများကို စနစ်တကျ မှတ်တမ်းများ ထားရှိ၍ ရောင်းချသူနှင့် ဝယ်ယူသုံးစွဲသူများသည် လိုအပ်ပါက စစ်ဆေးမှု ခံယူနိုင်ရေးအတွက် ပြင်ဆင်ထားရှိစေရန်၊

(ဓ) ဆိုဒီယမ်ဆိုင်ယာနိုဒ်၊ ပြဒါးဓာတုပစ္စည်းများနှင့်စပ်လျဉ်း၍ မတော်တဆဖြစ်ပွားမှုများကိုကာကွယ်ရန်နှင့် လျော့ပါးစေရန် လုပ်ငန်းခွင်အတွင်း ဘေးအန္တရာယ် ထိန်းချုပ်ရေးဆိုင်ရာ နည်းစနစ်များ၊ လုံခြုံရေးကိရိယာများ တပ်ဆင်သုံးစွဲခြင်းနှင့် သင့်တော်ကောင်းမွန်သည့် ကိုယ်ခန္ဓာကာကွယ်ရေးကိရိယာနှင့် ဝတ်စုံများကို ထုတ်ပေး၍ အမြဲတစေ စနစ်တကျ ဝတ်ဆင်သုံးစွဲ လုပ်ကိုင်ဆောင်ရွက်စေရန်၊

(န) ဆိုဒီယမ်ဆိုင်ယာနိုဒ်နှင့် ပြဒါးဓာတုပစ္စည်းများကို အသုံးပြုပြီး ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများဆိုင်ရာ လုပ်ငန်းလုပ်ကိုင်ပါက ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေး ဥပဒေ၊ နည်းဥပဒေများ၊ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များ၊ ယင်းတို့နှင့်သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများမှ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်စေရန်။

၂။ ဤမူဝါဒထုတ်ပြန်သည့်နေ့မှစ၍ ရွှေသတ္တုထုတ်လုပ် သန့်စင်ခြင်းလုပ်ငန်းဆောင်ရွက်နေသော ကုမ္ပဏီ/လုပ်ငန်းများအနေဖြင့် အထက်အပိုဒ်(၁)ပါ အချက်များအား တိကျစွာလိုက်နာ အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်သည်။

(signature) 7/1/2019

ဥက္ကဋ္ဌ
ဓာတုပစ္စည်းနှင့်ဆက်စပ်ပစ္စည်းများအန္တရာယ်မှ
တားဆီးကာကွယ်ရေး ဗဟိုဦးစီးအဖွဲ့

စာအမှတ်၊ ၁၅၀၁(၁)/ စမရ(၄-၃)/၂၀၁၉(၀၂)
ရက် စွဲ ၊ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက်
ဖြန့်ဝေခြင်း
နိုင်ငံတော်သမ္မတရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး

ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနအားလုံး
(.............................လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး..ဝန်ကြီးဌာန)
ပြည်ထောင်စုရှေ့နေချုပ်ရုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့
နေပြည်တော်ကောင်စီ
(...................................... တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့အားလုံး)
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး
မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် } ညီနောင်အသင်းအဖွဲ့များထံ ထပ်ဆင့်ဖြန့်ဝေပေးပါရန် မေတ္တာရပ်ခံချက်ဖြင့်
ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးဦးစီးဌာန ( မြန်မာနိုင်ငံပြန်တမ်းတွင်ထည့်သွင်းကြေညာပေးပါရန် မေတ္တာရပ်ခံချက်ဖြင့်)
ညွှန်ကြားရေးမှူးချုပ်
အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန၊ နေပြည်တော်
ဤဝန်ကြီးဌာနလက်အောက်ရှိ လုပ်ငန်း/ဦးစီးဌာနများအားလုံး
(.............................................................................................)
အမိန့်ကြော်ငြာစာတွဲ